E-book is created by ***www.shanyoma.org***

အနောက်ဘက်လွန်

# ကျေးဇူး

## မောင်စင်ကြယ်

ကျေးဇူးကြီးလှသော အနောက်ဘက်လွန်(၁၆၀၅-၂၀) အကျွန်သည် သံလျင်ဘက်ဆီသို့ ရောက်ရှိလေတိုင်း အနောက်ဘက်လွန်၏အထူးထူးသောဂုဏ်ကျေးဇူးများကို အောက်မေ့မိပါသည်။ ထောမနာပြုမိပါသည်။ တက်ကြွအားကျမိပါသည်။

အနောက်ဘက်လွန်သည် မြန်မာ့သမိုင်းစဉ်ကြီးအတွင်းမှ မြောက်များလှစွာသော သက်ဦးဆံပိုင်တို့အနက် တဦးဖြစ်သည်ကားမှန်၏။ သို့သော် များလှစွာသော သက်ဦးဆံပိုင်တို့နည်းတူ ကိုယ်ရေးနှင့်အချိန်ကို မကုန်လွန်စေဘဲ တပင်ရွှေထီး(၁၅၃၁-၅၀)နှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ(၁၅၅၁-၈၁)တို့ ထူထောင်ခဲ့သော“တောင်ငူ

E-book is created by ***www.shanyoma.org***

-ညောင်ရမ်းခေတ်”မြန်မာနိုင်ငံကြီးကိုလည်း ထိန်းမတ်ပေးခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း ရယူကြိုးပမ်းခဲ့သည်။

အထူးအားဖြင့် အနောက်ဘက်လွန်သည် မြန်မာ့သမိုင်းစဉ်ကြီးတွင် ပထမဆုံးသော ကိုလိုနီဆန့်ကျင်ရေးသူရဲကောင်းကြီးတဦးဖြစ်သည်ဟူသော ဂုဏ်ထူးဝိသေသတို့ပင် ဖြစ်ပေသတည်း။

သူတလူ ငါတမင်းနှင့်အချင်းချင်း စစ်ခင်းနေသော အမျိုးသားများကို စုစည်းညီညွတ်စေလျက် တောင်ငူညောင်ရမ်းခေတ် မြန်မာနိုင်ငံကြီးကိုသာ အနောက်ဘက်လွန်က ပြန်လည် မထိန်းမတ်နိုင်ခဲ့လျှင် အကျွန်တို့တိုင်းပြည်၊ အကျွန်တို့လူမျိုးများသည် ၁၆-ရာစုနှစ်ကတည်းက ခေတ်ဟောင်းကိုလိုနီဝါဒသမားပေါ်တူဂီပင်လယ်ဓားပြများ၏ကျေးကျွန်များ ဖြစ်ရမည်မှာ မုချ။

ခေတ်ဟောင်း ကိုလိုနီဝါဒသမားများသည် ပင်လယ်ဓားပြများပင်ဖြစ်သောကြောင့် ရက်စက်ကြသည်၊ ကြမ်းကြုတ်ကြသည်၊ အကျွန်တို့တိုင်းပြည်၊ အကျွန်တို့လူမျိုး၏ဥစ္စာဘဏ္ဍာရတနာများကို လုယူကြရုံသာမဟုတ်သေး။ သွေးစုတ်ချယ်လှယ်မှုမျိုးစုံနှင့်လူမျိုးရေးအရ သွေးနှောပစ်ခြင်း၊ အကျွန်တို့လူမျိုးများ၏အမျိုးသားရေးလက္ခဏာနှင့်အမျိုးသားယဉ်ကျေးမှုဆိုသည်မှာလည်း အစအနပင် ရှာရတော့မည် မဟုတ်ပေ။

သာဓကအားဖြင့် ထင်ရှားလှပါသည်။ သံလျင်သည် ခေတ်ဟောင်းကိုလိုနီဝါဒသမားပေါ်တူဂီအောက်မှ လွတ်မြောက်ခဲ့သည်မှာ နှစ်အားဖြင့် သုံးရာကျော်၊ လေးရာနီးပါးမျှ ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့ သံလျင်၏ဝန်းကျင်တခို၌ ခေတ်ဟောင်းကိုလိုနီဝါဒသမား ပေါ်တူဂီများ

E-book is created by ***www.shanyoma.org***

၏တစွန်းတစသော အငွေ့အသက်များနှင့်အရိပ်အယောင်များကို ဝိုးတဝါး မြင်နေရပေသေးသည်။

ပြီးနောက် ဖိလစ်ဒီဘရစ်တို(ငဇင်ကာ)ခေါင်းဆောင်သော ခေတ်ဟောင်းကိုလိုနီဝါဒသမား ပေါ်တူဂီများသည် သံလျင်မြေကို (၁၆၀၀-၁၆၁၃) ဆယ့်သုံးနှစ်မျှသာ ကျူးကျော်နိုင်၊ သိမ်းပိုက်နိုင်၊ ကိုလိုနီပြုနိုင်သောကြောင့်လည်း ဖြစ်သည်။

ဤသို့ ခေတ်ဟောင်းကိုလိုနီဝါဒသမား ပေါ်တူဂီငဇင်ကာတို့ သံလျင်နယ်ကို သိမ်းပိုက်နိုင်ခြင်း၊ အောက်ပိုင်းမြန်မာနိုင်ငံကို စီးပွားရေးအရ လွှမ်းမိုး၍ တောင်ငူနယ်ကို ထိပါးတိုက်ခိုက်နိုင်ခြင်းသည် အကျွန်တို့လူမျိုးများ အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားချိန်၊ သူတနယ်၊ ငါတနယ်၊ တဗိုလ်တမင်း လုပ်နေသောကြောင့်လည်း ဖြစ်ပေသည်။

အင်းဝတွင် မြန်မာ၊ အောက်မြန်မာနိုင်ငံတွင် မွန်၊ ရခိုင်ဘက်တွင် ရခိုင်၊ ဒေသစွဲစိတ်နှင့်သွေးကွဲနေကြချိန်လည်း ဖြစ်သည်။

ဤလို ဒေသစွဲနှင့်အကျွန်တို့လူမျိုးတွေ သွေးကွဲနေသည်ကို ခေတ်ဟောင်းကိုလိုနီဝါဒသမားပေါ်တူဂီက ကြိုက်သည်။ ငဇင်ကာက ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်။

ငဇင်ကာသည် အိန္ဒိယနိုင်ငံ၊ ဂိုဝါနယ်ရှိ ပေါ်တူဂီဘုရင်ခံနှင့် အဆက်အသွယ်လည်းရှိ၊ အကူအညီလည်း ရသူဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ဘုရင်"မင်းဖလောင်း"ထံတွင် အမှုထမ်းသည်။ နောက်ဆုံး ဗိုလ်မှူးအဆင့်အထိ ချီးမြှင့်ခံရသည်။

ရခိုင်ဘုရင်နှင့်မွန်ဘုရင်၊ မွန်ဘုရင်နှင့်မြန်မာဘုရင်၊ မြန်မာဘုရင်နှင့်ရခိုင်ဘုရင်၊ ဒေသစွဲစိတ်နှင့်သွေးကွဲနေသည်ကိုလည်း ဇဗင်ကာ ရိပ်စားနားလည်ထားသည်။

မွန်ဘုရင် ကြီးစိုးရာ ဟံသာဝတီကို တိုက်ခိုက်ဖျက်ဆီးနိုင်သောအခါ ဇဗင်ကာသည် မင်းဖလောင်း၏လူယုံတော်အဖြစ် သံလျင်ကို စားရသည်။

ခေတ်ဟောင်းကိုလိုနီသမား နယ်ချဲ့သမား ဇဗင်ကာသည် သံလျင်ကို ပေါ်တူဂီတို့၏ကိုလိုနီအခြေစိုက်စခန်းအဖြစ် ခိုင်ခန့်အောင် ထူထောင်ပြီး မွန်လူမျိုးများဒေသတွင် မွန်လူမျိုးများနှင့်နားလည်မှုရအောင် မွန်လူမျိုး အကြီးအကဲဗညားဒလနှင့်၎င်း၏သမီးကို ဇဗင်ကာက လက်ဆက်ပေးသည်။

သံလျင်နယ်ကို အခြေခံ၍ မြစ်ဝကျွန်းပေါ်ဒေသ၏စီးပွားရေးကိုချုပ်ကိုင် စိုးမိုးလာသည်။ မွန်နှင့်မြန်မာလူမျိုးများအတွင်း သွေးနှောရေးလုပ်ငန်းနှင့်ဘာသာရေး၊ ယဉ်ကျေးမှု အတင်းသွတ်သွင်းသည့်လုပ်ငန်းများကိုလည်း လုပ်လာသည်။

နောက်ဆုံးတွင် ဇဗင်ကာသည် တောင်ငူအထိ တက်လာပြီး ခေါင်းပျော့သော တောင်ငူဘုရင် နတ်ရှင်နောင်ကို ဖမ်းဆီး၍ သံလျင်ဆီသို့ ခေါ်ဆောင်လာခဲ့သည်။

ဇဗင်ကာ၏လုပ်ရပ်များသည် ရှင်းလှသည်။ ကိုလိုနီသမား နယ်ချဲ့သမား ပီသလှသည်။

E-book is created by ***www.shanyoma.org***

အနုနည်း၊ အကြမ်းနည်း၊ သွေးဆောင်ခြင်း၊ သွေးခွဲခြင်း၊ နည်းမျိုးစုံကို အသုံးချ၍ သူ့လိုဘ ပြည့်ဝအောင် ကျင့်ကြံလုပ်ဆောင်ခဲ့သည်။

ကိုလိုနီသမား၊ နယ်ချဲ့သမား၊ ကျူးကျော်ရေးသမား ဇဗင်ကာသည် ရခိုင်အမျိုးသားတွေကို ချစ်၍လည်း ရခိုင်ဘုရင်မင်းဖလောင်းထံတွင် အမှုထမ်းခြင်းမဟုတ်၊ မွန်အမျိုးသားများကို ခင်၍လည်း သူ့သမီးနှင့်မွန်အကြီးအကဲ ဗညားဒလနှင့်လက်ဆက်ခြင်းမဟုတ်၊ မြန်မာဘုရင်နတ်ရှင်နောင်ကို ကြည်ညို၍လည်း သံလျင်ကို ပင့်ဖိတ်သွားခြင်း မဟုတ်။

အကျွန်တို့တိုင်းပြည်၊ အကျွန်တို့လူမျိုးများကို မြိန်မြိန်ရှက်ရှက် သွေးစုပ်နိုင်အောင်၊ ကျွန်ပြုနိုင်အောင်၊ မာယာတသိန်း အပလိန်း အနန္တနှင့်လိမ်လည်နေခြင်းသာ ဖြစ်သည်။

ယနေ့ နယ်ချဲ့မှိုင်းမိ၊ နယ်ချဲ့အားကိုးနှင့်အမျိုးသားသစ္စာဖောက်ဘဝ ကျရောက်နေကြသူများအတွက် အကောင်းဆုံးသော သင်ခန်းစာပင် ဖြစ်သည်။

သံလျင်ကို အခြေစိုက်၍ အကျွန်တို့တိုင်းပြည်၊ အကျွန်တို့လူမျိုးအပေါ် ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်း ရမ်း၊ လိမ်ချင်တိုင်း လိမ်နေသော ဇဗင်ကာရှိရာ သံလျင်သို့ ကိုလိုနီတိုက်ခိုက်ရေးသူရဲကောင်း အနောက်ဘက်လွန်သည် (၁၆၁၃)ခုနှစ်တွင် ခုန်ဆင်းလာပြီး ဇဗင်ကာခေါင်းဆောင်သော ပေါ်တူဂီခေတ်ဟောင်းကိုလိုနီဝါဒသမားများကို ချေမှုန်းပစ်လိုက်လေသည်။

E-book is created by ***www.shanyoma.org***

ဂိုဝါနယ်မှ ပို့လွှတ်လိုက်သော စစ်ကူသင်္ဘော ငါးစင်းအနက် လေးစင်းကိုလည်း အနောက်ဘက်လွန်က နစ်မြုပ်ဖျက်ဆီးပစ်လိုက်သည်။

ထိုအချိန်တွင် အိန္ဒိယပြည် ဂိုဝါနယ်၊ တရုတ်ပြည် မာကောက်နယ်တွင် ပေါ်တူဂီကိုလိုနီသမားတို့ အခြေတကျ ကြွားကြွားဝင့်ဝင့်ရပ်တည်နေထိုင်ခွင့်၊ သွေးစုပ်ချယ်လှယ်ခွင့် ရှိနေကြသော်လည်း မြန်မာပြည်တွင်တော့ လုံးဝခြေမချနိုင်တော့ချေ။

အိန္ဒိယပြည်သည် (၁၉၆၃)ခုနှစ်တွင်မှ အိန္ဒိယပြည် ဂိုဝါနယ်မှ ပေါ်တူဂီကိုလိုနီစခန်းများကို ဖျက်သိမ်းနိုင်သော်လည်း အကျွန်ုပ်တို့တိုင်းပြည်၊ အကျွန်ုပ်တို့လူမျိုးတွေက (၁၆၁၃)ခုနှစ်ကတည်းက အပြီးအပိုင် ပေါ်တူဂီကိုလိုနီဝါဒသမားများကို ဖယ်ရှားဖျက်ဆီးနိုင်ခဲ့သည်။ အကျွန်ုပ်တို့လူမျိုးသည် အိန္ဒိယပြည်ထက် နှစ်ပေါင်း(၃၅၀)စော၍ ပေါ်တူဂီကိုလိုနီသမားကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။

ဤသို့ဖယ်ရှားနိုင်ခြင်း၊ ချေမှုန်းနိုင်ခြင်းမှာ အနောက်ဘက်လွန်၏အမျိုးသားစိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ်၊ ညီညွတ်ရေးစိတ်ဓာတ်၊ ကိုလိုနီဆန့်ကျင်ရေးစိတ်ဓာတ်နှင့်စွမ်းရည်သတ္တိများကြောင့်ပင် ဖြစ်သည်။

ချစ်သော အနောက်ဘက်လွန်၊ အနောက်ဘက်လွန်၏ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ်နှင့်ကိုလိုနီဆန့်ကျင်ရေး စွမ်းရည်သတ္တိနှင့်ကျေးဇူးများသည် ကြီးမားလှပေသည်။

သံလျင်နယ်သည် လွတ်မြောက်ခဲ့ပါပြီ။ အနောက်ဘက်လွန်၏ကျေးဇူးများမှာ ချီးကျူးဖွဲ့ဆို၍ ဆုံးနိုင်မည် မထင်ပါ။

မောင်စင်ကြယ်

E-book is created by ***www.shanyoma.org***

မှတ်ချက်။ ။ရှုဒေါင့်ဂျာနယ်၊ ၃၁-၁-၁၉၇၀-ခုနှစ်ထုတ်၊ စာမျက်နှာ(၂၅)၌လာရှိသောဆောင်းပါးကို ပြန်လည်ပြင်ဆင်ခြင်းမရှိပဲ ရိုက်နှိပ်ထားပါသည်။